၄ ၊ ဧပြီလ ၊ ၂၀၂၂

# မိသားစု အသိုက်အမြုံ အလုံးစုံ ဖျက်ဆီးခြင်း


## အာဏာလု စစ်အုပ်စုမှ ပြည်သူ့ ပိုင်ဆိုင်မှုများကို တရားမဲ့ သိမ်းပိုက်ခြင်း




အကြမ်းဖက်စစ်အုပ်စုသည် အာဏာကို မတရားလုယူချိန်ကတည်းက နေ့စဉ်နှင့်အမျှ ပြည်သူလူထု၏ အသက် အိုးအိမ်၊ စည်းစိမ်ကို ခြိမ်းခြောက်၊ အနိုင်ကျင့်၊ ဖျက်ဆီးမှုများ ပြုလုပ်နေခဲ့ရာ လက်ရှိအချိန်တွင် အကြမ်းဖက်မှုများမှာ ပိုမိုအရှိန်မြှင့် ဆိုးရွားရက်စက်လာလျက်ရှိသည်။

စစ်အုပ်စုအနေဖြင့် နယ်မြေစိုးမိုးရေးလုပ်ငန်းစဉ်ဟု အကြောင်းပြကာ အဆမတန် အင်အားသုံး၍ စစ်ရေးအရှိန် မြှင့်တင်ဆောင်ရွက်လျက် ရှိသလို တစ်ဖက်တွင်လည်း ပြည်သူများကို အကြောက်တရားလွှမ်းခြုံနေစေရေးအတွက် လူမဆန်သောနည်းလမ်းပေါင်းစုံ အသုံးပြုလျက်ရှိသည်။


မတရားအာဏာလုမှုဖြစ်စဉ် စတင်ချိန်မှ ၁၄ လတာကာလအတင်း ပြည်သူစုစုပေါင်း **(၁၃၀၄၀)** ဦးမှာ တရားလက်လွတ်ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး ဥပဒေ၊ ပုဒ်မ အမျိုးမျိုးသုံးကာ အမြင့်ဆုံးသေဒဏ်အထိချမှတ် ခံနေရသည်။ ထို့အပြင် အလိုရှိသူကို မမိသဖြင့် မိသားစုဝင်များကို ဓားစာခံဖမ်းဆီးခြင်းများအား နည်းလမ်းတစ်ရပ်အနေဖြင့် စစ်အုပ်စုက ကျင့်သုံးလျက်ရှိရာ အသက် (၈၀) အရွယ် သက်ကြီးရွယ်အိုနှင့် လသားအရွယ် ကလေးငယ်များပင် ဓားစာခံအဖြစ် ထိန်းသိမ်းခံခဲ့ကြရသည်။




ပြည်သူလူထုကို တရားလက်လွတ်ဖမ်းဆီးခြင်းများအပြင် အမျိုးသားညီညွတ်ရေးအစိုးရ **(NUG)** က ခုခံတွန်းလှန်စစ် စတင်ရန်ကြေညာခဲ့သည့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလနောက်ပိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်သားပြည်သူများ၏ နေအိမ်နှင့်ပိုင်ဆိုင်မှုများကို အမျိုးသားညီညွတ်ရေးအစိုးရ **(NUG)**၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ **(CRPH)**၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ **(PDF)** များနှင့် ဆက်စပ်သည်ဟုဆိုကာ ဥပဒေမဲ့ မတရားချိပ်ပိတ်သိမ်းဆည်းမှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်နေသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း **(AAPP)** မှ လက်လှမ်းမီသမျှ ကောက်ယူရရှိထားသော အချက်အလက်များအရ မတရားအာဏာလုရန်ကြိုးပမ်းချိန်ကတည်းက မတ်လ (၃၁)၊ ၂၀၂၂ အထိ နေအိမ်၊အဆောက်အအုံ စုစုပေါင်း **(၅၄၇)** ထက်မနည်း စစ်အုပ်စုက ချိပ်ပိတ်သိမ်းဆည်းခဲ့သည်။

# တိုင်းနှင့်ပြည်နယ်အလိုက် နေအိမ်နှင့် ပိုင်ဆိုင်မှု သိမ်းဆည်းခံရသည့် အရေအတွက်




# လအလိုက် နေအိမ်နှင့် ပိုင်ဆိုင်မှု သိမ်းဆည်းခံရသည့် အရေအတွက်



စစ်ကိုင်းတိုင်း၌ **(၁၃၉)** ခု သိမ်းဆည်းခံရပြီး အများဆုံးသိမ်းဆည်းခံရသည့် ဒေသဖြစ်ကာ ရန်ကုန်တိုင်းတွင် **(၁၂၄)** ခု ချိပ်ပိတ်ခံထားရသည်။ ချိပ်ပိတ်ခံရသည့် အဆောက်အဦပိုင်ရှင်အများစုမှာ ဖမ်းဝရမ်းထုတ်ခံထားရသူများ၊ ဖမ်းဆီးထိန်းသိမ်းခံထားရသူများဖြစ်သည်။ သို့ရာတွင် အမှုကိစ္စနှင့်မသက်ဆိုင်သော ဆွေမျိုးသားချင်းများ၏ ပိုင်ဆိုင်မှုများကို ချိပ်ပိတ်သိမ်းဆည်းမှုများလည်း ရှိနေသည်။

> **ထိုကဲ့သို့ မိမိကိုယ်တိုင်ပါဝင်ပတ်သက်ခြင်းမရှိသော ကိစ္စရပ်များ အတွက် ပိုင်ဆိုင်မှုများကို သိမ်းယူခြင်းသည် လူအုပ်စုတစ်စုလုံးကို စုပေါင်းအပြစ်ဒဏ် (Collective Punishment) ချမှတ်သည့် လုပ်ရပ်ဟု သတ်မှတ်နိုင်သည်။ နိုင်ငံတကာနှင့် နိုင်ငံတကာမဟုတ်သော လက်နက်ကိုင် ပဋိပက္ခများအတွင်း အပြစ်မရှိသောသူများအား အပြစ်ပေးခြင်းကို တားမြစ်ထားသည်။[1]**

ယခုကဲ့သို့ နေအိမ်နှင့် ပိုင်ဆိုင်မှုများကို မတရားချိပ်ပိတ်ခံရမှုသည် သက်ဆိုင်သည့်ကာယကံရှင်တစ်ဦးတည်းကိုသာ သက်ရောက်ခြင်းမဟုတ်ဘဲ မိသားစုနှင့်ဆွေမျိုးအသိုင်းအဝိုင်းတစ်ခုလုံးကိုပါ ကြီးမားစွာ နစ်နာမှုများ ဖြစ်စေသည်။

အကြမ်းဖက်စစ်အုပ်စု အာဏာလုချိန်ကတည်းက လာရောက်ဖမ်းဆီးသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေရသည့် တောင်ငူမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခ၏ ယောက္ခမများ ပိုင်ဆိုင်သည့် နေအိမ်နှစ်လုံးနှင့် အထည်ဆိုင်ကို စစ်အုပ်စုက အင်အားအမြောက်အမြားနှင့် လာရောက်ပြီး ချိပ်ပိတ်သွားခဲ့သည်။[2] သိမ်းဆည်းခံပိုင်ဆိုင်မှုများသည် ဦးမိုးမခနှင့်သက်ဆိုင်မှုမရှိသော်လည်း စုပေါင်းအပြစ်ဒဏ်ချမှတ်သည့် ပုံစံဖြင့် မတရားချိပ်ပိတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်ရပ်ကြောင့် ဦးမိုးမခဇနီး၏ မိခင်ဖြစ်သူမှာ စိတ်ထိခိုက်ခံစားရကာ ဆုံးပါးသွားခဲ့ပြီး ဈာပနနာရေးကို အိမ်တွင်ပြင်ဆင်ခွင့်ပင် မပေးခဲ့သည့်အတွက် လမ်းပေါ်၌ ပြုလုပ်ခဲ့ရသည်။

**အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း (UDHR)၏ အပိုဒ် ၁၇ သည် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုအခွင့်အရေးကို အသိအမှတ်ပြုပြီး အဆိုပါပစ္စည်းကို တစ်စုံတစ်ဦးထံမှ မတရားသိမ်းယူမည့် လုပ်ရပ်များကို မလုပ်ဆောင်ရန် ဖော်ပြပါရှိသည်။**

ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအခွင့်အရေးကို နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (ICCPR) မှ ကာကွယ်ထားသည့် ပုဂ္ဂလိကအခွင့်အရေးကဲ့သို့သော အခြားလူ့အခွင့်အရေးများနည်းတူ မရှိမဖြစ် လိုအပ်ချက်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

တရားဝင်အသိအမှတ်ပြု အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် အကြမ်းဖက်စစ်အုပ်စုသည် ပြည်သူလူထု၏ ပစ္စည်းဥစ္စာများ သိမ်းယူခြင်းကို လုပ်ဆောင်ရန် တရားဝင်လုပ်ပိုင်ခွင့် မရှိပေ။ သို့သော်လည်း နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေတွင် နိုင်ငံတစ်နိုင်ငံ၏ တရားဝင်အစိုးရတစ်ရပ်သည် ပစ္စည်းဥစ္စာများကို ဥပဒေမူဘောင်အတွင်းမှ တရားဝင်သိမ်းယူနိုင်သည့် အချုပ်အခြာအာဏာရှိနေကြောင်း ဖော်ပြပါရှိသည်။ ထိုသို့သော သိမ်းယူခြင်းကို - (က) အများပြည်သူ အကျိုးအတွက်၊ (ခ) ခွဲခြားဆက်ဆံခြင်းမျိုးမဟုတ်ဘဲ၊ (ဂ) တရားဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ၊ (ဃ) လျော်ကြေးပေးရန် ငြင်းဆန်လျှင်[3] လုပ်ဆောင်လျှင် တရားဝင်သည်။

[1] See Protocol Additional to the Geneva Conventions of 12 August 1949, and Relating to the Protection of Victims of Non-International Armed Conflicts (1977), article 4(c), ICRC Study on Customary International Humanitarian Law (2005), Rule 103
[2] https://www.bbc.com/burmese/burma-60626075
[3] United Nations Conference on trade and development (2012), Expropriation, UNCTAD Series on Issues in International Investment Agreements II.

နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ သို့မဟုတ် ၎င်းတို့၏ မိသားစုဝင်တို့၏ ပိုင်ဆိုင်မှုကို သိမ်းယူခြင်းသည် တရားဝင်ဥပဒေနှင့်အညီ သိမ်းယူခြင်းအဖြစ် သတ်မှတ်၍ မရနိုင်ပါ။ BP Exploration Co. v. Libya[4]၏ အထူးခုံရုံးအဖွဲ့မှ ရှင်းပြထားသည့်အတိုင်း၊

**နိုင်ငံရေးအရ လက်တုံ့ပြန်သည့် လုပ်ရပ်ကို အများပြည်သူအကျိုးအတွက်ဖြစ်သည် သတ်မှတ်၍ မရပါ။ လူတစ်ဦးချင်း သို့မဟုတ် ၎င်းတို့၏ မိသားစုဝင်တစ်ဦးဦး၏ နိုင်ငံရေးယုံကြည်မှုအပေါ် အခြေခံ၍ ပိုင်ဆိုင်မှုများကို သိမ်းယူခြင်းသည် မတရား၊ မမျှတသော ခွဲခြားဆက်ဆံမှုဖြစ်ပြီး၊ ထိုသို့သိမ်းယူခြင်းများအတွက်လည်း မည်သည့်ပုံစံဖြင့်မျှ လျော်ကြေးပေးခြင်းမရှိသဖြင့် အဆိုပါသိမ်းယူခြင်းမျိုးမှာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။**

**ပြည်တွင်းဥပဒေ၌လည်း တရားစွဲဆိုခံထားရသူကို ဖမ်းမမိပါက ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂[5] အရ တရားခံပြေး အမှုအဖြစ် တရားရုံးက ဖွင့်လှစ်ဆောင်ရွက်ရပြီး အပြစ်ရှိသည်ဟု ဆိုနိုင်သော သက်သေခံချက်မျိုးရှိမှသာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇[6] အရ တရားရုံးက စွပ်စွဲခံကို ဝရမ်းထုတ်နိုင်သည်။ ထို့နောက် စွပ်စွဲခံပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၈၈[7] အရ တရားရုံးက ဝရမ်းကပ်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။**

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆[8] တွင် အဆိုပါဥပဒေဖြင့် တရားစွဲခံရသူကို တရားရုံးက ပြစ်မှုထင်ရှားကြောင်း ပြစ်ဒဏ်ချမှတ်မှသာ သက်သေခံအဖြစ်သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူနိုင်ကြောင်း ဖော်ပြထားသည်။**

သို့ရာတွင် ယခုလက်ရှိ အကြမ်းဖက်စစ်အုပ်စု၏ လုပ်ဆောင်ချက်များသည် တရားရုံးက အမှုစစ်ဆေးခြင်း မစတင်ခင် ပိုင်ဆိုင်မှုများကို ချိပ်ပိတ်နေခြင်းဖြစ်ရာ ဥပဒေမဲ့ တရားလက်လွတ်ပြုမူနေခြင်းပင် ဖြစ်သည်။

**AAPP မှ တွေ့ဆုံမေးမြန်းထားသည့် နေအိမ်ချိပ်ပိတ်ခံရသူတစ်ဦးက –**

**ကျနော့်ကို ဖေဖော်ဝါရီ ၅ ရက်နေ့က ရဲစခန်းမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂ (က) နဲ့ အမှုဖွင့်ပါတယ်။ ဖေဖော်ဝါရီ ၁၀ ရက် ၂၀၂၂ နေ့မှာအိမ်ကို ချိပ်လာပိတ်ပါတယ်။ ကျနော့် မောင်နှမတွေကို ချိပ်မပိတ်ခင် အိမ်ထဲမှာရှိတဲ့ပစ္စည်းတွေ လိုချင်ယူထားလို့ပြောပြီး အင်မတန်နည်းတဲ့ အချိန်တစ်ခု သတ်မှတ်ပေးပါတယ်။ ဒါပေမယ့် အချိန်လည်း မရလိုက်တာကြောင့် ဘာပစ္စည်းမှ မယူနိုင်ခဲ့ဘဲနဲ့ ချိတ်ပိတ်ခံလိုက်ရပါတယ်။ ကျနော့်ကို ပြစ်မှုတစ်စုံတရာ ကျူးလွန်တယ်ဆိုတာကို တရားရုံးကစီရင်ချက်မချဘဲ အိမ်ကိုနိုင့်ထက်စီးနင်းလာလုပ်တာကတော့ တရားမဲ့ပြုကျင့်တာလို့ ယုံကြည်ပါတယ်” ဟု ဆိုသည်။**

[4] https://jusmundi.com/en/document/decision/en-bp-exploration-company-libya-limited-v-government-of-the-libyan-arab-republic-award-wednesday-10th-october-1973
[5] The Code of Criminal Procedure Section 512: Record of evidence in absence of accused
[6] The Code of Criminal Procedure Section 87: Proclamation for person absconding
[7] The Code of Criminal Procedure Section 88: Attachment of property of person absconding
[8] The Counter Terrorism Law Section 56: The court shall pass an order of confiscation or disposal in accord with the stipulations on money and assets seized as exhibit, if it is punished with an offence of financing of terrorism.

အကြမ်းဖက်စစ်အုပ်စု၏ မတရားချုပ်ပိတ်သိမ်းဆည်းခံရမှုများနှင့်ပတ်သက်၍ သက်သေနှင့်တကွတိုင်ကြားနိုင်ကြောင်းနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ရေးအစီအစဉ်များ အကောင်အထည်ဖော်ချိန်တွင် ဥပဒေမဲ့သိမ်းဆည်းခံရသည့် ပြည်သူများ၏ ပိုင်ဆိုင်မှုများကို ပြည်သူ့လက် ပြန်လည်ပေးအပ်နိုင်ရေးကို ဦးစားပေးစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက ကြေညာချက် ထုတ်ပြန်ထားသည်။[9]

**စစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ ထိုက်သင့်သော ပြစ်ဒဏ်နှင့် တရားမျှတမှုကို ပြန်လည်ဖော်ဆောင်ပေးရန်အတွက် ချိုးဖောက်ခံရသူတစ်ဦးက –**

**သူတို့ကိုတရားဥပဒေအရ အရေးယူပေးဖို့ပေါ့နော်။ ထိုက်သင့်တဲ့ သူတို့အပြစ်ကို သူတို့ကျူးလွန်ကြောင်းနားလည်ပြီးဝန်ခံတာမျိုး၊ ပြန်လည်တောင်းပန်တာမျိုး၊ တရားဥပဒေအရအရေးယူဆောင်ရွက်တာမျိုးတွေ လုပ်ပေးစေချင်ပါတယ်။ ထပ်ပြီးပြောချင်တာကတော့ ကျနော်တစ်ယောက်တည်းဖြစ်ခဲ့တဲ့ကိစ္စမဟုတ်ဘူး။ တစ်နိုင်ငံလုံးမှာဖြစ်နေတဲ့ကိစ္စဖြစ်တဲ့အတွက် ဒီဟာမျိုးတွေ နောက်ထပ်မဖြစ်အောင်ပေါ့ဟန့်တားချင်တယ်။ နောက်ဒါမျိုး မကျူးလွန်နိုင်အောင် ဆောင်ရွက်ပေးစေချင်ပါတယ်” ဟု တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားခဲ့သည်။**

စစ်အာဏာရှင်အဆက်ဆက်ပြည်သူလူထုအပေါ် အနိုင်ကျင့်ရမ်းကားမှုများကို အတိုင်းအဆမဲ့ ရက်ရက်စက်စက်ကျူးလွန်ခဲ့ရာ ယခုတစ်ကြိမ် မတရားအာဏာလုမှုဖြစ်စဉ်တွင် ပိုမိုဆိုးရွား၍ လူမဆန်သော၊ ပစ်မှတ်ထားလိုသူကိုသာမကဘဲ မိသားစု၊ ဆွေမျိုးသားချင်းများကိုပါ ထိခိုက်နစ်နာခံစားရစေရန်၊ အကြောက်တရားလွှမ်းခြုံနေစေရန် ကြမ်းတမ်းယုတ်မာသော နည်းလမ်းပေါင်းစုံအသုံးပြု၍ ကျူးလွန်လျက်ရှိသည်။

ပြည်သူလူထုအပေါ် လူမဆန်စွာရက်စက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆိုးဆိုးရွားရွားကျူး လွန်နေသည့် အကြမ်းဖက်စစ်အုပ်စုအနေဖြင့် ပြစ်မှုပြစ်ဒဏ်ပြန်လည်ခံရစေရေးအတွက် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တိကျ၍ ရှင်းလင်းပြတ်သားသော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရန်လိုအပ်သည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အကြမ်းဖက်စစ်အုပ်စု၏ ရက်စက်ယုတ်မာသော လုပ်ရပ်များကို အပြစ်ပေးအရေးယူနိုင်ရန်၊ ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရနေသည့် ဓလေ့ဆိုးကို တိုက်ဖျက်ပစ်နိုင်ရန် တရားစီရင်ရေးယန္တရားတစ်ခု အကောင်အထည်ပေါ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

..............................................

[9] https://www.facebook.com/NUGmyanmar/posts/261203536182877